ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

နိုင်ငံခြားရေးဝန်ကြီးဌာန

သတင်းထုတ်ပြန်ချက် (၄/ ၂၀၂၄)

(၂၀၂၄ ခုနှစ်၊ ဧပြီလ ၉ ရက်)

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ခန့်အပ်မှုနှင့် စပ်လျဉ်းသည့် ထုတ်ပြန်ချက်

၁။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် Ms. Julie Bishop အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်လိုက်မှုအပေါ် ဝမ်းမြောက်စွာ ကြိုဆိုပါသည်။

၂။ Ms. Bishop သည် ၎င်း၏ သံတမန်ရေးရာ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများအရ ဤရာထူးနေရာအတွက် အသင့်လျော်ဆုံး ဖြစ်မည်ဟု ကျွန်ုပ်တို့အနေဖြင့် အပြည့်အဝ ယုံကြည်ပြီး၊ မြန်မာပြည်သူလူထု၏ အကျိုးစီးပွားအတွက် ၎င်းတို့၏ဆန္ဒနှင့်အညီ လုပ်ငန်းတာဝန်များကို ထမ်းဆောင်သွားမည်ဟု မျှော်လင့်ပါသည်။

၃။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့်လည်း မြန်မာပြည်သူလူထု၏ တူညီသည့် ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီစံနှုန်းများနှင့် တန်ဖိုးများကိုအပေါ် အခြေခံသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်ကာ အထူးကိုယ်စားလှယ်နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ ထို့ကြောင့် နိုင်ငံတကာအနေဖြင့်လည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အား ၎င်း၏လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါရန် အမျိုးသားညီညွတ်ရေးအစိုးရက တိုက်တွန်း တောင်းဆိုအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ